၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ်

လူနေမှုဘဝဖူလုံရေးရန်ပုံငွေ အထူးချေးငွေ ပြန်ဆပ်မှုကင်းလွတ်ခွင့်လျှောက်ထားရာတွင် လိုအပ်သည့်
နေထိုင်ကြောင်းထောက်ခံစာ နှင့် နေထိုင်ခွန် (ဆောင်ရန်မလိုအပ်) အခွန်စည်းကြပ်လွှာ ရယူရန်နည်းလမ်းနှင့်ပတ်သတ်၍

**၁။ တိုင်းတိုးရပ်ကွက်ရုံး အစရှိသော အစိုးရရုံးများမှ ရယူရန်လိုအပ်သော စာရွက်စာတမ်းများ**

(၁) အိမ်ထောင်စုဝင်အားလုံး ကိုဖော်ပြထားသည့် နေထိုင်ကြောင်းထောက်ခံစာ

"အရေးပေါ်အသေးစားချေးငွေရန်ပုံငွေ အစရှိသော အထူးချေးငွေများနှင့်ပတ်သတ်သည့် ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့်လျှောက်လွှာ" တွင် ရေးသွင်းထားသည့်နေ့မှ ၃ လအတွင်းရယူထားသည့် ထောက်ခံစာ

(၂) ၂၀၂၁ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၂ ဘဏ္ဍာနှစ်အတွက် နေထိုင်ခွန် (ဆောင်ရန်မလိုအပ်) အခွန်စည်းကြပ်လွှာ **<u>✕ အခွန်ပေးဆောင်မှုအထောက်အထားလက်မှတ်</u>**

ရယူရန်လိုအပ်သောသူများမှာ အောက်ပါ အချက် ၁) နှင့် ၂) နှင်ကိုက်ညီသောသူများ

၁) ငွေချေးသူ ( တိုကျိုလူမှုဖူလုံရေးကောင်စီမှလက်ခံရရှိသောစာအိတ်အဝါပေါ်မှလိပ်စာရှင်)

၂) အထက်ဖော်ပြပါ (၁) မှနေထိုင်ကြောင်းထောက်ခံစာ တွင်ပါရှိသည့်အိမ်ထောင်ဦးစီး

※၁) နှင့် ၂) သည် တစ်ဦးတည်းဖြစ်ပါက ၁) သာ

※ ၁) နှင့် ၂) တို့သည် မတူညီသော ဘဏ္ဍာနှစ် အသီးသီးတွင် အခွန်ကင်းလွတ်ခွင့်ရရှိထားပါက ယခုကင်းလွတ်ခွင့်တွင် အကျုံးမဝင်ကြောင်းသတိပြုစေလိုပါသည်။

i ၂၀၂၁ ဘဏ္ဍာနှစ် အတွက် နေထိုင်ခွန် (ဆောင်ရန်မလိုအပ်) အခွန်စည်းကြပ်လွှာ ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် နေထိုင်ခွင့်မှတ်ပုံတင်ထားသော ဒေသအစိုးရအဖွဲ့မှရယူနိုင်ပါသည်။

ii ၂၀၂၂ ဘဏ္ဍာနှစ်အတွက် နေထိုင်ခွန် (ဆောင်ရန်မလိုအပ်) အခွန်စည်းကြပ်လွှာ ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် နေထိုင်ခွင့်မှတ်ပုံတင်ထားသော ဒေသအစိုးရအဖွဲ့မှရယူနိုင်ပါသည်။ <u>ထို့အပြင် တိုင်းတိုးရပ်ကွက်တွင်မူ ၂၀၂၂ ခုနှစ် ဇွန်လနောက်ပိုင်းတွင် ရယူနိုင်ပါသည်။</u>

※ i နှင့် ii အပြင် ဇန်နဝါရီလ ၁ ရက်နေ့ လက်ရှိတွင် တိုင်းတိုးရပ်ကွက်၌ နေထိုင်ခွင့် မှတ်ပုံတင်ထားပြီး နေထိုင်ခွန်ကြေငြာလွှာတင်ပြရန် လိုအပ်ပါက တိုင်းတိုးရပ်ကွက်ရုံး တတိယထပ်ရှိအကောက်ခွန်ဌာနတွင် လုပ်ဆောင်နိုင်ပါသည်။ ကြေငြာမှုလုပ်ထုံးလုပ်နည်း များနှင့်ပတ်သက်၍ **တိုင်းတိုးရပ်ကွက်၊ နေထိုင်မှုပံ့ပိုးကူညီရေးဌာန၊ အခွန်စီမံခန့်ခွဲရေးဌာနခွဲ၊ အကောက်ခွန်တာဝန်ခံ** ( ဖုန်း - 03（5246）1103) သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းတိုးရပ်ကွက်တွင် နေထိုင်ခွန်
ကြေငြာလွှာတင်ပြရန်နည်းလမ်း

**၂။ ရယူရန်နည်းလမ်း**

နေထိုင်ကြောင်းထောက်ခံစာ နှင့် နေထိုင်ခွန် (ဆောင်ရန်မလိုအပ်) အခွန်စည်းကြပ်လွှာ တို့အား အောက်ဖော်ပြပါကောင်တာများတွင် ရယူနိုင်ပါသည်။ ၎င်းတို့ကို ရယူရန်အတွက် လိုအပ်သော၊ ကာယကံရှင်ဖြစ်ကြောင်း သက်သေပြနိုင်သည့်အထောက်အထား၊ လွှဲပြောင်းပေးအပ်စာ အစရှိသည်တို့နှင့် ပတ်သက်၍ တိုင်းတိုးရပ်ကွက်ရုံး (သို့မဟုတ်) နီးစပ်ရာ ရပ်ကွက်ရုံးသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(1) နေထိုင်ကြောင်းထောက်ခံစာ

| ကောင်တာ | | စာတိုက်ပေးပို့မှု | |
|---|---|---|---|
| မိမိကိုယ်တိုင် သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးမှ ရယူပါက | တတိယပုဂ္ဂိုလ်မှ ရယူပါက | မိမိကိုယ်တိုင် သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးမှ ရယူပါက | တတိယပုဂ္ဂိုလ်မှ ရယူပါက |
| | | | |

ကျောဘက်တွင် ကျန်ရှိသေးသည်

(2) နေထိုင်ခွန် (ဆောင်ရန်မလိုအပ်) အခွန်စည်းကြပ်လွှာ **<u>✕အခွန်ပေးဆောင်မှုအထောက်အထားလက်မှတ်</u>**

## ၃။ ထုတ်ယူမှုဝန်ဆောင်ခ

တိုင်းတိုးရပ်ကွက်ရုံး သို့မဟုတ် ရပ်ကွက်ရုံး များတွင် ထုတ်ယူပါက သက်ဆိုင်ရာ ရပ်ကွက်ရုံးဝန်ထမ်းအား ထုတ်ယူရသည့်အကြောင်းအရင်းကို "လူနေမှုဘဝဖူလုံရေးရန်ပုံငွေ အထူးချေးငွေ ပြန်ဆပ်မှုကင်းလွတ်ခွင့်" အတွက်ဟု ပြောပါက ဝန်ဆောင်ခသည် အခမဲ့ဖြစ်သည်။ ( ထုတ်ယူမှုဝန်ဆောင်ခ ပေးရခြင်း/မပေးရခြင်းသည် ဒေသအစိုးရအလိုက် ဆုံးဖြတ်သောကြောင့် တိုင်းတိုးရပ်ကွပ် မဟုတ်ပါက ဝန်ဆောင်ခပေးဆောင်ရသည်မျိုးလည်း ရှိနိုင်သည်။)

ထို့အပြင် My Number Card အားအသုံးပြု၍ Convenience Store များတွင် ထုတ်ယူပါက ဝန်ဆောင်ခ ပေးဆောင်ရမည်ဖြစ်သဖြင့် ကြိုတင်နားလည်ပေးစေလိုပါသည်။

## ၄။ ရယူနိုင်သည့်နေရာများ

**Taito City Office Family Registration Residents' Service Section**
**4-5-6 Higashi-Ueno**
**Tel: 03-5246-1163**




**Seibu (West) Residents' Office**
**3-1-30 Shitaya**
**Tel: 03-3876-2651**




**Hokubu (North) Residents' Office**
**4-48-1 Asakusa**
**Tel: 03-3876-2284**




**Nambu (South) Residents' Office**
**1-10-12 Kotobuki**
**Tel: 03-3842-2651**




**Seibu (West) Residents' Office, Yanaka Branch**
**(1F, Yanaka Disaster Prevention Community Center)**
**5-6-5 Yanaka Tel: 03-3828-9291**




**Hokubu (North) Residents' Office, Kiyokawa Branch**
**1-23-8 Kiyokawa**
**Tel: 03-3876-3566**

